ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၄ ) ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ဖော်ပြလျက်ရှိသော ရုပ်ရှင်နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများနှင့်စပ်လျဉ်း၍ သိကောင်းစရာ။ | ၂- ၄ |
| ၂။ | တရုတ်နိုင်ငံ၏ခေတ်နှင့်လျော်ညီစွာပြန်လည်ပြင်ဆင်လိုက်သည့် ဆိုက်ဘာလုံခြုံရေးဥပဒေပြင်ဆင်ချက်။ | ၅-၇ |
| ၃။ | ပထမဇနီးကန့်ကွက်ပါက မွတ်စလင်ယောကျ်ားတစ်ဦး ထပ်မံထိမ်းမြားခြင်းကို မှတ်ပုံတင်ခွင့်မပြုကြောင်း ကီရာလာတရားရုံးချုပ် ဆုံးဖြတ်ခြင်း။ | ၈- ၁၀ |
| ၄။ | အပြည်ပြည်ဆိုင်ရာပင်လယ်ပြင်တွင် အမေရိကန်နိုင်ငံ၏စစ်တပ်မှ မူးယစ်ဆေးဝါးသံသယမှုဖြင့်သင်္ဘောများကို ပစ်ခတ်မှုများဖြစ်ပွားခြင်းအကြောင်း။ | ၁၁- ၁၃ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၄ ) ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ရပ်ရှင်နည်းဥပဒေများကိုပြင်ဆင်သည့် နည်းဥပဒေများနှင့်စပ်လျဉ်း၍ သိကောင်းစရာ

ယခုသီတင်းပတ်အတွင်း ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)၌ ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ ရခိုင်ပြည်နယ်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ၊ ရုပ်ရှင်နည်းဥပဒေများကိုပြင်ဆင်သည့်နည်းဥပဒေများတို့ကို အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနကထုတ်ပြန်ခဲ့သော ရုပ်ရှင်နည်းဥပဒေများကိုပြင်ဆင်သည့်နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဥပဒေဗဟုသုတအဖြစ် ဖော်ပြအပ်ပါသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ၁၉၉၆ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၈/၉၆ ဖြင့် ရုပ်ရှင်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် ၁၉၉၇ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၂/၉၇ ဖြင့် ရုပ်ရှင်ဥပဒေ ပုဒ်မ ၄၁၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရုပ်ရှင်နည်းဥပဒေများကို ထုတ်ပြန်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၉/၂၀၂၄ ဖြင့် ရုပ်ရှင်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၄၉/၂၀၂၅ ဖြင့် ရုပ်ရှင်ဥပဒေ ပုဒ်မ ၄၉၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ရုပ်ရှင်နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများကို ထုတ်ပြန်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ရုပ်ရှင်နည်းဥပဒေများကိုပြင်ဆင်သည့် နည်းဥပဒေများတွင် နည်းဥပဒေ၂၊နည်းဥပဒေခွဲ(ဂ)၏ နောက်တွင် နည်းဥပဒေခွဲ (ဃ)အဖြစ် "တာဝန်ခံအရာရှိ ဆိုသည်မှာ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးကိုဆိုသည်"ဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ရပ်ကို ဖြည့်စွက်ထားကြောင်း တွေ့ရှိရပါသည်။

ရုပ်ရှင်နည်းဥပဒေများနှင့်နည်းဥပဒေများပါပုံစံတို့တွင်ပါရှိသော "ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ"ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ "ဦးဆောင်ညွှန်ကြားရေးမှူး" ဆိုသည့်စကားရပ်ကို "ညွှန်ကြားရေးမှူးချုပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်ဖြစ်ကြောင်း၊ ရုပ်ရှင်နည်းဥပဒေများပါ "မြန်မာ့ ရုပ်ရှင်လုပ်ငန်း" ဆိုသည့်စကားရပ်ကို "ဦးစီးဌာန"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ရုပ်ရှင် နည်းဥပဒေများပါပုံစံတို့တွင်ပါရှိသော "မြန်မာ့ရုပ်ရှင်လုပ်ငန်း" ဆိုသည့်စကားရပ်ကို "ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်ဖြစ် ကြောင်း ထုတ်ပြန်ထားပါသည်။

ရုပ်ရှင်နည်းဥပဒေများ နည်းဥပဒေ ၁၂၊ နည်းဥပဒေ ၁၃၊ နည်းဥပဒေ ၁၅ နှင့် နည်းဥပဒေ ၅၈ တို့ကို ပယ်ဖျက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ရုပ်ရှင်နည်းဥပဒေများ နည်းဥပဒေ ၁၉ ကို "ပြန်ကြားရေးဝန်ကြီးဌာနသည် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ဦးရေ အနည်းဆုံး ၁၅ ဦးမှ အများဆုံး ၃၅ ဦးထိ ပါဝင်သော ရုပ်ရှင်ဆင်ဆာအဖွဲ့ကို ဖွဲ့စည်း ရမည်"ဟုလည်းကောင်း၊ ရုပ်ရှင်နည်းဥပဒေများ နည်းဥပဒေ ၂၆ နည်းဥပဒေခွဲ (က)ကို "မိမိတင်ပြသော ရုပ်ရှင်ကားနှင့်စပ်လျဉ်း၍ ရုပ်ရှင်ဆင်ဆာစစ်ဆေးခအား ပြန်ကြားရေးဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသောနှုန်းထားအတိုင်း ရုပ်ရှင်ဆင်ဆာအဖွဲ့သို့ပေးသွင်းရမည်"ဟုလည်းကောင်း အစားထိုး ပြင်ဆင်ရမည်ကို တွေ့ရှိရပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၄ ) ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်

ရုပ်ရှင်နည်းဥပဒေများပါ အခန်း(၈) ရုပ်ရှင်ရုံလိုင်စင်လျှောက်ထားခြင်းဆိုသည့်အခန်းတစ်ခုလုံးကို အစားထိုးပြင်ဆင်ထားပြီး ရုပ်ရှင်နည်းဥပဒေများပါ ပုံစံ (ရုပ်ရှင်-၁)၊ ပုံစံ (ရုပ်ရှင်-၇)၊ ပုံစံ (ရုပ်ရှင်-၈)၊ ပုံစံ (ရုပ်ရှင်-၉)၊ ပုံစံ (ရုပ်ရှင်-၁၀)၊ ပုံစံ (ရုပ်ရှင်-၁၁)၊ ပုံစံ (ရုပ်ရှင်-၁၂)၊ ပုံစံ (ရုပ်ရှင်-၁၄) တို့ပါ စကားရပ်များကို အစားထိုးပြင်ဆင်ဖြည့်စွက်ခြင်းများပြုလုပ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ရုပ်ရှင်နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများပါ အစားထိုးပြင်ဆင်သည့်စကားရပ်များသည် ရုပ်ရှင်ဥပဒေတွင်လည်း အစားထိုးပြင်ဆင်ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရုပ်ရှင်ဥပဒေ၊ ရုပ်ရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ရုပ်ရှင်နည်းဥပဒေများ၊ ရုပ်ရှင်နည်းဥပဒေများကိုပြင်ဆင်သည့်နည်းဥပဒေများနှင့်စပ်လျဉ်း၍ အသေးစိတ် လေ့လာသိရှိလိုသူများ အနေဖြင့် MLIS Website တွင် အကျယ်တဝင့် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ( ၃ ) အမှတ် ( ၃၄ ) ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်

## တရုတ်နိုင်ငံ၏ ခေတ်နှင့်လျော်ညီစွာပြန်လည်ပြင်ဆင်လိုက်သည့် ဆိုက်ဘာလုံခြုံရေး ဥပဒေပြင်ဆင်ချက်

၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် တရုတ်အမျိုးသားဥပဒေပြုလွှတ်တော်၏ ဦးဆောင်ကော်မတီမှ ၂၀၁၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ဆိုက်ဘာလုံခြုံရေးဥပဒေပြင်ဆင်သည့်အချက်များကို ချမှတ်ခဲ့ပါသည်။ ပြင်ဆင်ခဲ့သည့် ဆိုက်ဘာလုံခြုံရေးဥပဒေသည် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အာဏာသက်ရောက်မည်ဖြစ်ပါသည်။

ပြင်ဆင်မည့်အချက်များမှာ ပုဂ္ဂလိကသတင်းအချက်အလက်ကာကွယ်ရေးဥပဒေ(Personal Information Protection Law – PIPL)နှင့် ဆိုက်ဘာလုံခြုံရေးဥပဒေပါ ပြဋ္ဌာန်းချက်များအကြား ကွာဟမှုများကို ညှိနှိုင်းရန်၊ သတင်းအချက်အလက်စီမံခန့်ခွဲမှုများနှင့်စပ်လျဉ်းသည့် ချိုးဖောက်မှုများ၊ အရေးပေါ်တုံ့ပြန်ရမည့် တာဝန်ဝတ္တရားများ၊ ကန့်သတ်ထားသည့် အချက်အလက်များ၊ နယ်စပ်ဖြတ်ကျော်အချက်အလက် လွှဲပြောင်းမှုများနှင့်စပ်လျဉ်းသည့် ကျူးလွန်မှုများကို ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး ပြစ်ဒဏ်ပိုင်းတွင် ငွေဒဏ်များအားတိုးမြှင့်၍ ပြင်ဆင်ခဲ့ပါသည်။

ဆိုက်ဘာလုံခြုံရေးဥပဒေ၏ အခန်း ၄ အရ ပြင်ဆင်သည့်အပိုဒ်တွင် ဆိုက်ဘာလုံခြုံရေးဥပဒေ၊ ပုဂ္ဂလိကသတင်းအချက်အလက်ကာကွယ်ရေးဥပဒေ၊ တရားမကျင့်ထုံးဥပဒေတို့နှင့် ညီညွတ်မှုရှိရန် အပိုဒ်ခွဲအသစ်ကို ထပ်မံဖြည့်စွက်ထားသည်။ ထိုသို့ဖြည့်စွက်လိုက်ခြင်းကြောင့် Network Operators အနေဖြင့် ပုဂ္ဂလိကသတင်းအချက်အလက်များကို ဆောင်ရွက်ရာတွင် အခြားဥပဒေများနှင့် စီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်းများ၊ ပုဂ္ဂလိကသတင်းအချက်အလက်ကာကွယ်ရေးဥပဒေ၊ တရားမကျင့်ထုံးဥပဒေနှင့် ဆိုက်ဘာလုံခြုံရေးဥပဒေများကို ကောင်းမွန်စွာ အသုံးချနိုင်မည်ဖြစ်သည်။

IT နည်းပညာကိုအသုံးပြုမည်ဆိုပါက အသုံးပြုသူများအနေဖြင့် “real-name”ဖြင့် အထောက်အထားအချက်အလက်များ ဖြည့်သွင်း၍ မှတ်ပုံတင်ရန်လိုအပ်မည်ဖြစ်သည်။ ထိုကဲ့သို့မှတ်ပုံတင်ခြင်း မပြုလုပ်ပါက ဤဥပဒေပါပြစ်မှုအား ချိုးဖောက်ရာရောက်မည်ဖြစ်သည်။

Network Operators အနေဖြင့် အသုံးပြုသူတင်ခဲ့သည့် သတင်းအချက်အလက်များသည် တားမြစ်ပိတ်ပင်ထားသည့် အကြောင်းအရာများဖြစ်နေပါက မပျံ့နှံ့အောင်ထိန်းချုပ်ပြီး ချက်ချင်း ရပ်ဆိုင်းကာ မှတ်တမ်းရယူ၍ သက်ဆိုင်ရာအာဏာပိုင်တို့ထံ တင်ပြရမည်ဖြစ်သည်။

ထို့ပြင် လိုအပ်ပါက ဌာနဆိုင်ရာများ၏လမ်းညွှန်မှုဖြင့် သတင်းအချက်အလက်များဖြန့်ဝေ ပိတ်ဆို့မှု၊ ပိတ်ပင်တားဆီးမှုများပြုလုပ်မည်ဖြစ်သည်။

ဆိုက်ဘာလုံခြုံရေးဥပဒေ အာတီကယ် ၇၃ အရ ယခုကဲ့သို့ ဆိုက်ဘာလုံခြုံရေးဥပဒေကို ပြင်ဆင်ခြင်းကြောင့် စီမံခန့်ခွဲရေးပြစ်ဒဏ်နှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုရှင်းလင်းထိရောက်စေပါသည်။ ဆိုက်ဘာလုံခြုံရေးဥပဒေအရ ချိုးဖောက်လိုက်သည့်ပြုလုပ်မှုသည် စီမံခန့်ခွဲရေးပြစ်ဒဏ်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း ပြစ်ဒဏ်မှ သက်ညှာခွင့်၊ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်ရှိသည့် ပြုလုပ်မှုများဖြစ်ပါက အာဏာပိုင်များအနေဖြင့် အဆိုပါအခွင့်အရေးအား ခွင့်ပြုပေးမည်ဖြစ်သည်။

ပြင်ဆင်လိုက်သည့်ဆိုက်ဘာလုံခြုံရေးဥပဒေအရ နိုင်ငံခြားအဖွဲ့အစည်း၊ အဖွဲ့၊ လူပုဂ္ဂိုလ်များမှ ကျူးလွန်သည့်ပြစ်မှုများသည် အမျိုးသားဆိုက်ဘာလုံခြုံရေးကိုခြိမ်းခြောက်ပြီး ကြီးလေးသည့် နောက်ဆက်တွဲများဖြစ်ပေါ်စေပါက အမျိုးသားလုံခြုံရေးအာဏာပိုင်နှင့် နိုင်ငံ၏အုပ်ချုပ်ရေးအဖွဲ့၏ အခြားအခွင့်အာဏာရှိသောဌာနများမှ လိုအပ်သော ထိန်းချုပ်သည့်နည်းလမ်းများဆောင်ရွက်ခြင်း သို့မဟုတ် ပိုင်ဆိုင်မှုများအား ထိန်းချုပ်သည့်ပြစ်ဒဏ်များချမှတ်ခြင်းများ ဆောင်ရွက်နိုင်ကြောင်း ဖော်ပြထားပါသည်။

ခေတ်နှင့်လျော်ညီစွာ ဆိုက်ဘာလုံခြုံရေးဥပဒေကို ပြင်ဆင်လိုက်သောကြောင့် AI နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံမှပံ့ပိုးမှုကဏ္ဍ ပိုမိုကျယ်ပြန့်လာခဲ့ပါသည်။ ဆိုက်ဘာလုံခြုံရေး၊ လူပုဂ္ဂိုလ်များ၏သတင်းအချက်အလက်များကာကွယ်ရေး၊ ဒေတာအချက်အလက်များ ကောင်းစွာ ထိန်းညှိနိုင်သည့်တာဝန်ဝတ္တရားများကိုလိုက်နာစေရေး၊ Online Platforms အား လည်ပတ် ဆောင်ရွက်

နေသည့် နိုင်ငံခြားကုမ္ပဏီများအပေါ် ပြည်တွင်းထိန်းချုပ်မှုများရရှိလာရေးစသည့်ကောင်းကျိုးများ ရရှိလာနိုင်ကြောင်း သိရှိရပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.china-briefing.com/news/china-cybersecurity-law-amendment/

## ပထမဇနီးကန့်ကွက်ပါက မွတ်စလင်ယောကျ်ားတစ်ဦးထပ်မံထိမ်းမြားခြင်းကို မှတ်ပုံတင်ခွင့်မပြုကြောင်း ကီရာလာတရားရုံးချုပ် ဆုံးဖြတ်ခြင်း

မွတ်စလင်အိမ်ထောင်သည်ယောကျ်ားတစ်ဦးအနေဖြင့် ဒုတိယအိမ်ထောင်ပြုပါက ပထမဇနီးအား အသိပေးရမည်ဖြစ်ကြောင်းနှင့် ပထမဇနီးမှကန့်ကွက်ခဲ့ပါက ဒုတိယအိမ်ထောင်ပြုခြင်းကိုမှတ်ပုံတင်ခွင့်ပြုမည်မဟုတ်ကြောင်း အိန္ဒိယနိုင်ငံတောင်ပိုင်း၊ ကီရာလာပြည်နယ်တရားရုံးချုပ် (The Kerala High Court) က ၃၀-၁၀-၂၀၂၅ ရက်နေ့တွင် ဆုံးဖြတ်ခဲ့ပါသည်။

ကီရာလာပြည်နယ်တရားရုံးချုပ်၊ တရားသူကြီး P.V. ကွန်ဟီကရ်ှရှန်း(Justice PV Kunhikri-shnan)က မွတ်စလင်ဓလေ့ထုံးတမ်းဥပဒေများတွင် မွတ်စလင်ယောကျ်ားတစ်ဦးအနေဖြင့် မိန်းမတစ်ဦးထက်ပို၍ အိမ်ထောင်ပြုခွင့်ရှိကြောင်းပြဋ္ဌာန်းချက်ရှိသော်လည်း ယင်းဥပဒေပါအခွင့်အရေးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါသာတူညီမျှမှုနှင့် မျှတမှုအခြေခံသဘောတရားများကို လွှမ်းမိုးခြင်းမရှိကြောင်း၊ ထိမ်းမြားမှုမှတ်ပုံတင်ခြင်းသည် ဥပဒေအရလိုအပ်သည့်လုပ်ထုံးလုပ်နည်းဖြစ်ပြီး မွတ်စလင်ယောကျ်ား၏ ဒုတိယအိမ်ထောင်ပြုခြင်းအား မှတ်ပုံတင်ရန်လျှောက်ထားရာ၌ ပထမဇနီး၏သဘောထားကိုထည့်သွင်းစဉ်းစားသင့်ကြောင်း ဖော်ပြခဲ့ပါသည်။

ကီရာလာပြည်နယ်၊ သရီကာရီပူရ် (Thrikkaripur) မြို့ရှိ ကျေးရွာတစ်ခုမှ အသက်(၄၄)နှစ်အရွယ် မွတ်စလင်အမျိုးသားတစ်ဦးသည် ပထမဇနီးနှင့် ထိမ်းမြားမှုမှတ်ပုံတင်ထားပြီးနောက် ၂၀၁၇ ခုနှစ်တွင် ထပ်မံအိမ်ထောင်ပြုခဲ့ရာ ဒုတိယဇနီးနှင့်ရရှိသောကလေး(၂)ယောက်အတွက် ပိုင်ဆိုင်မှုနှင့် တရားဝင်အခွင့်အရေးများရရှိနိုင်မာစေရေးအတွက် ဒေသဆိုင်ရာထိမ်းမြားမှုမှတ်ပုံတင်ရုံး (Thrikkaripur Grama Panchayat)တွင် ထိမ်းမြားမှုမှတ်ပုံတင်ရန်လျှောက်ထားခဲ့ရာ ပယ်ချခံရသဖြင့် စီရင်ဆုံးဖြတ်ပေးရန် ပြည်နယ်တရားရုံးချုပ်သို့ တောင်းဆိုသည့်စာချွန်တော်လျှောက်ထားမှု (Writ Petition) တင်သွင်းခဲ့ခြင်းဖြစ်သည်။

ကီရာလာပြည်နယ်တရားရုံးချုပ်၏ဆုံးဖြတ်ချက်တွင် လျှောက်ထားသူအနေဖြင့် ၎င်း၏ ဓလေ့ထုံးတမ်းဆိုင်ရာ ဥပဒေအရခွင့်ပြုပါက ထပ်မံထိမ်းမြားခြင်းပြုလုပ်နိုင်ကြောင်း၊ သို့ရာတွင် လျှောက်ထားသူမှ ထပ်မံထိမ်းမြားခြင်းကို မှတ်ပုံတင်လျှောက်ထားရန်ဆန္ဒရှိပါက ပြည်နယ်ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လိုက်နာရမည်ဖြစ်ကြောင်း၊ ထိုသို့လျှောက်ထားသည့်အခြေအနေတွင် ပထမဇနီးအား မဖြစ်မနေ အသိပေးအကြောင်းကြားရမည်ဖြစ်ကြောင်း၊ အကယ်၍ ပထမဇနီးက ခင်ပွန်းဖြစ်သူ၏ထပ်မံထိမ်းမြားခြင်းကို မှတ်ပုံတင်ရန်လျှောက်ထားခြင်းအား ကန့်ကွက်ခဲ့ပါက မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်လျှောက်ထားခြင်းကိုပယ်ချပြီး လျှောက်ထားသူများနှင့်သက်ဆိုင်သည့်ဥပဒေအရ တရားဝင်မှု ရှိ မရှိ သက်ဆိုင်ရာတရားရုံး၏အဆုံးအဖြတ်ခံယူစေရန် အကြံပြုရမည်ဖြစ်ကြောင်း၊ ခင်ပွန်းဖြစ်သူထပ်မံထိမ်းမြားခြင်းမှတ်ပုံတင်လျှောက်ထားရာတွင် ဖြစ်ပေါ်သော ပထမဇနီး၏စိတ်ခံစားမှုကို တရားရုံးက လျစ်လျူရှုမည်မဟုတ်ကြောင်း၊ ထိုသို့ဖြစ်ပေါ်သည့် အခြေအနေများတွင် ဘာသာရေးဓလေ့ထုံးတမ်းများသည် ဒုတိယနေရာတွင်သာရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်အရေးများသည်သာ အထွဋ်အထိပ်ဖြစ်ကြောင်းဖော်ပြ၍ လျှောက်ထားမှုကို ပယ်ချခဲ့ခြင်းဖြစ်သည်။

ကီရာလာပြည်နယ်တွင် ၂၀၀၈ ခုနှစ် ကီရာလာထိမ်းမြားမှုမှတ်ပုံတင်ခြင်းနည်းဥပဒေများ (Kerala Registration of Marriages (Common) Rules, 2008) ထုတ်ပြန်ကာ ပြည်နယ်အတွင်း နေထိုင်သူများ၏ထိမ်းမြားမှုကို မဖြစ်မနေမှတ်ပုံတင်ရန် လိုအပ်သည့်ကိစ္စများ၊ ကာယကံရှင်၏ သဘောဆန္ဒအရ ထိမ်းမြားမှုမှတ်ပုံတင်သည့်ကိစ္စများ၊ မှတ်ပုံတင်လျှောက်ထားသည့်ပုံစံများကို အသေးစိတ် သတ်မှတ်ပြဋ္ဌာန်းထားသည်။

ကီရာလာပြည်နယ်တရားရုံးချုပ်၏ဆုံးဖြတ်ချက်သည် မွတ်စလင်ယောကျ်ားတစ်ဦးအနေဖြင့် မိန်းမတစ်ဦးထက်ပို၍ လက်ထပ်ထိမ်းမြားခွင့်ရှိသော မွတ်စလင်ဓလေ့ထုံးတမ်းဥပဒေပါဖော်ပြချက်ကို လွှမ်းမိုးခြင်းမဟုတ်ကြောင်း၊ သို့ရာတွင် နည်းဥပဒေအရထပ်မံထိမ်းမြားမှုမှတ်ပုံတင်လျှောက်ထားခြင်း ပြုလုပ်ပါက ပထမဇနီးအားအသိပေးရန် ဆုံးဖြတ်ခြင်းဖြစ်ကြောင်း၊ ပထမဇနီးမှ ကန့်ကွက်ပါက

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၄ ) ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်

မှတ်ပုံတင်လျှောက်ထားခြင်းကို ပယ်ချခြင်းဖြစ်ကြောင်း ရှင်းလင်းဖော်ပြဆုံးဖြတ်ထားရာ လက်ထပ်ထိမ်းမြားခြင်းနှင့်စပ်လျဉ်း၍ ကျား/မတန်းတူညီမျှရှိရေးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါအခွင့်အရေးဖြစ်ကြောင်း ထင်ဟပ်ပေါ်လွင်စေသည့် ဆုံးဖြတ်ချက်တစ်ခုဖြစ်ကြောင်း သိရှိရပါသည်။

လေ့ကျင့်သင်ကြားရေးဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်များ

https://indianexpress.com/article/legal-news/kerala-man-religion-register-second marriage-hc-10347472/

https://www.barandbench.com/news/no-second-marriage-registration-for-muslim-man-if-first-wife-objects-kerala-high-court

https://images.assettype.com/barandbench/2025-1105/ab0c8fvy/XXXX___anr_v_State_of__Kerala___ors.pdf

https://lawsect.kerala.gov.in/images/pdf/RULES2008.pdf

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၄ ) ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်

## အပြည်ပြည်ဆိုင်ရာပင်လယ်ပြင်တွင် အမေရိကန်နိုင်ငံ၏စစ်တပ်မှ မူးယစ်ဆေးဝါး သံသယမှုဖြင့်သင်္ဘောများကို ပစ်ခတ်မှုများဖြစ်ပွားခြင်းအကြောင်း

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာအကြီးအကဲက အမေရိကန်တပ်မတော်၏ကာရေဗီယမ် ပင်လယ်ပြင်နှင့်ပစိဖိတ်သမုဒ္ဒရာအရှေ့ပိုင်းတို့တွင် လှေငယ်များကို တရားမဝင်မူးယစ်ဆေးဝါးများ သယ်ဆောင်လာသည်ဟုဆိုကာ ပစ်ခတ်တိုက်ခိုက်မှုကိုလက်မခံကြောင်းနှင့် ရပ်တန့်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အမေရိကန်နိုင်ငံအနေဖြင့် အဆိုပါမူးယစ်ဆေးဝါးကုန်သည်များကို ဆန့်ကျင်ရှင်းလင်းသည့် လှုပ်ရှားမှုများကို ယခုနှစ် စက်တင်ဘာလကတည်းက စတင်ခဲ့ခြင်းဖြစ်ပြီး နောက်ဆုံးအကြိမ် တိုက်ခိုက်မှုတွင် လူ ၄ ဦး သေဆုံးခဲ့ကြောင်းနှင့် လက်ရှိအချိန်ထိ တိုက်ခိုက်မှုပေါင်း ၁၅ ကြိမ်နှင့် လူသေဆုံးမှု ၆၁ ဦးထိရှိလာခဲ့ပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။

ယင်းဖြစ်စဉ်အား ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးက ကုလသမဂ္ဂအဖွဲ့ အစည်း၏ပထမဆုံးသော ဝေဖန်ရှုံ့ချမှုတစ်ခုအဖြစ်သတ်မှတ်ခဲ့ပြီး အဆိုပါပစ်ခတ်တိုက်ခိုက်မှုကို စုံစမ်းစစ်ဆေးမှုပြုလုပ်ရန်တောင်းဆိုခဲ့သည်။ ထို့ပြင် အမေရိကန်နိုင်ငံသည် ယင်းကဲ့သို့တိုက်ခိုက် မှုများကိုရပ်တန့်ရန်လိုအပ်ပြီး သင်္ဘောများပေါ်မှလူများကို တရားလက်လွတ်သတ်ဖြတ်ခြင်းမှ ကြိုတင် ကာကွယ်နိုင်မည့်လုပ်ဆောင်ချက်များအားလုံးကို လုပ်ဆောင်သင့်ကြောင်းနှင့် ယင်းသို့ပြုလုပ်မှု များသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေကို ချိုးဖောက်နေခြင်းဖြစ်ကြောင်း ပြောကြားခဲ့ ပါသည်။

အမေရိကန်နိုင်ငံ၏အစိုးရအရာရှိများကမူ အဆိုပါတိုက်ခိုက်မှုများသည် အမေရိကန်နိုင်ငံသို့ မူးယစ်ဆေးဝါးစီမ့်ဝင်လာမှုကို အမြစ်မှနေ၍ ရှင်းလင်းသုတ်သင်ခြင်းနှင့် မူးယစ်ဆေးဝါးအကြမ်းဖက် သမားများကိုချေမှုန်းခြင်းဖြစ်ကြောင်း၊ သို့ရာတွင် မူးယစ်ဆေးဝါးကုန်သည်များကိုဆန့်ကျင်ရှင်းလင်းသည့် လှုပ်ရှားမှုများသည် ဒေသတွင်းနိုင်ငံများအကြား ကွဲပြားခြားနားမှုရှိနိုင်ကြောင်း ပြန်လည်ပြောကြား ခဲ့သည်ကို တွေ့ရှိရပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၄ ) ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်

ကုလသမဂ္ဂအရေးကျွမ်းကျင်သူများက ၎င်းတို့၏တိုက်ခိုက်မှုများသည် အမျိုးသားရေးကို ကာကွယ်စောင့်ရှောက်ခြင်း၊ နိုင်ငံတကာ သို့မဟုတ် နိုင်ငံတကာမဟုတ်သော လက်နက်ကိုင် ပဋိပက္ခများဖြစ်ပေါ်ခြင်း သို့မဟုတ် လူတစ်ဦးချင်းစီ၏အသက်အန္တရာယ်ကို ခြိမ်းခြောက်မှုဖြစ်စေခြင်း ကဲ့သို့သော အကြောင်းအရာများကြောင့် ဆောင်ရွက်ခဲ့ရခြင်းမဟုတ်ကြောင်း၊ လက်နက်ကိုင်အဖွဲ့ အစည်းများအနေဖြင့် အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုများကျူးလွန်ခြင်းကိုတားဆီးရန် တာဝန်ရှိကြောင်း၊ တပ်ဖွဲ့ဝင်များအားလုံးသည် နိုင်ငံတွင်းစစ်ဆင်ရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊ တပ်မတော်၏ လုပ်ထုံးလုပ်နည်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေကို တိတိကျကျလိုက်နာရန် လိုအပ်ကြောင်း၊ တရားလက်လွတ်သေဒဏ်ပေးမှုများအပါအဝင် ဥပဒေကိုချိုးဖောက်ကျူးလွန်နေခြင်း၊ လူ့အခွင့်အရေးကို ဆိုးရွားစွာချိုးဖောက်ခြင်းဖြစ်စေသော အထက်အရာရှိ၏အမိန့်များကို ငြင်းဆန်သင့်ကြောင်း ထောက်ပြ ပြောဆိုခဲ့ကြပါသည်။

အမေရိကန်နိုင်ငံအနေဖြင့် အဆိုပါတိုက်ခိုက်မှုများကို ချက်ချင်းရပ်တန့်၍ အမှန်တရားများ၊ တရားမျှတမှုများနှင့် နစ်နာသူ၏မိသားစုများအပေါ် လျော်ကြေးပေးခြင်းအပါအဝင် ဖြစ်ပေါ်ခဲ့သော တိုက်ခိုက်မှုများအားလုံးကို စုံစမ်းစစ်ဆေးဖော်ထုတ်ရန်နှင့် နိုင်ငံများအနေဖြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းကို လေးစားလိုက်နာရမည်ဖြစ်ဟု တိုက်တွန်းပြောကြား ခဲ့ကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ရာ အမေရိကန်နိုင်ငံ၏ဆောင်ရွက်ချက်များသည် မိမိနိုင်ငံအတွင်း မူးယစ်ဆေးဝါး ဝင်ရောက်မှုကို တားဆီးနှိမ်နင်းမှုဟုဆိုသော်ငြားလည်း မိမိ၏စီရင်ပိုင်ခွင့်ရှိသောနယ်နိမိတ်ဖြစ် မဖြစ် နှင့် အကြောင်းခြင်းရာအပေါ် သေချာတိကျစွာစုံစမ်းလေ့လာပြီးမှသာလျှင် မိမိ၏စီရင်ပိုင်ခွင့်အတွင်း မှသာ ပြုလုပ်သင့်ပါကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်များ

https://edition.cnn.com/2025/10/31/world/un-human-rights-chief-drug-boats-strikes-intl

https://www.ohchr.org/en/press-releases/2025/11/unprovoked-lethal-strikes-united-states-against-vessels-sea-may-amount

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၄ ) ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

